EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# မေ့အသံ

အတွဲ(၂)၊ အမှတ်-၁၀ လစဉ်သတင်းလွှာ မတ် ၁၁ ရက်၊ ၂၀၂၀



ဓာတ်ပုံ-စည်သူ











# တန်းတူညီမျှသည့် ကမ္ဘာကြီးဆီသို့

**ဖေဖော်ဝါရီ ၁၄၊ ၂၀၂၀**

"တစ်ဦးချင်းဆောင်ရွက် ညီမျှမှုအတွက်" (Each for Equal) သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) ၂၀၂၀ ၏ ဆောင်ပုဒ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို နှစ်စဉ် မတ်လ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိကြသည်။ နှစ်စဉ်နှစ်တိုင်း ကြွေးကြော်သံဆောင်ပုဒ်တစ်ခုဖြင့် လှုပ်ရှားမှုအခမ်းအနားများ ကျင်းပကြသည်။ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်က "ညီမျှခြင်းမှ ကောင်းမွန်ခြင်းသို့" (Balance for Better) ဖြစ်ပြီး ယခုနှစ်အတွက် ဆောင်ပုဒ်သည် "တစ်ဦးချင်း ဆောင်ရွက်ညီမျှမှုအတွက်" (Each for Equal) ဖြစ်သည်။

"တန်းတူညီမျှသည့် ကမ္ဘာကြီးသည် အထောက်အကူပြုသည့် ကမ္ဘာကြီးဖြစ်သည်"ဟု International Women's Day (IWD) ၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ရေးသားထားသည်။ တန်းတူညီမျှခြင်းသည် အမျိုးသမီးများနှင့်ပဲ သက်ဆိုင်သည့်ကိစ္စတစ်ခုမဟုတ်ဘဲ အရေးကြီးသည့်ကိစ္စတစ်ခုဖြစ်သည်။ ကျား-မ

တန်းတူရေးသည် စီးပွားရေးနှင့်လူမှုအသိုင်းအဝိုင်းများ ရှင်သန်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။ ကျား-မ တန်းတူညီမျှသည့် ကမ္ဘာကြီးသည် ပိုမိုကျန်းမာသန်စွမ်းကာ ပို၍သဟဇာတဖြစ်လာနိုင်သည်။

"တစ်ဦးချင်းဆောင်ရွက်ညီမျှမှုအတွက်" ဟူသည့်ဆောင်ပုဒ်သည် "တစ်သီးပုဂ္ဂလဝါဒကို စုပေါင်းခြင်း" (Collective Individualism) ဟူသည့်အယူအဆမှ ကောက်နုတ်ထားခြင်းဖြစ်သည်ဟု IWD team က ဆိုသည်။ တစ်ဦးချင်းစီ၏ လုပ်ဆောင်ချက်များ၊ ပြောဆိုမှုများ၊ အပြုအမူများနှင့် စိတ်ခါတ်များသည် ပိုမိုကြီးမားသည့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်နိုင်သည်။ စုပေါင်းခြင်းအားဖြင့် အပြောင်းအလဲကို ဖြစ်ပေါ်စေသည်။ စုပေါင်းခြင်းအားဖြင့် ကျား-မ တန်းတူညီမျှသည့် ကမ္ဘာကြီးဖန်တီးရန် ကူညီပေးနိုင်သည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ၁၉၁၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အခုဆိုရင် ရာစုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့သည် အမျိုးသမီးများ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအောင်မြင်မှုများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာနေ့တစ်နေ့ဖြစ်သည်။ ကျား-မ တန်းတူညီမျှမှုကို အရှိန်မြှင့်တင်ခြင်းအတွက် တောင်းဆိုခြင်းကိုလည်း လုပ်ဆောင်ကြသည်။

ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "တစ်ဦးချင်းဆောင်ရွက်ညီမျှမှုအတွက်" ဆောင်ပုဒ်သည် တန်းတူညီမျှမရှိသေးသည့် ကာလပတ်လုံး ကြွေးကြော်ကိုင်စွဲသွားရမည့် ကြွေးကြော်သံဖြစ်သည်။ ကျွန်ုပ်တို့အားလုံး စုပေါင်း၍ တန်းတူညီမျှသည့် ကမ္ဘာကြီးဖြစ်စေရန် ဖန်တီးနိုင်ပေသည်။

(ကိုးကား- www.internationalwomensday.com)

# အမျိုးသမီးများ၏ ဘဝတစ်လျှောက်အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်း ယခုနှစ်မှစ၍ လုပ်ဆောင်မည်

**ဇန်နဝါရီ ၃၁၊ ၂၀၂၀**




ဓာတ်ပုံ- Ministry of Social Welfare, Relief and Resettlement Myanmar facebook page

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ၏ ဘဝတစ်လျှောက်အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းကို ယခုနှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။

ဇန်နဝါရီလ ၂၈ရက်နေ့က အမျိုးသမီးများ၏ ဘဝတစ်လျှောက် အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းနည်းပညာကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပခဲ့ရာ ၎င်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစိုးအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းက "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDG) အမှတ်စဉ် (၅) မှာပါတဲ့ အညွှန်းကိန်းတွေကို အကောင်အထည်ဖော်တဲ့အခါနဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော်တဲ့အခါ အထောက်အကူဖြစ်မယ့်အချက်အလက်တွေကိုရနိုင်ဖို့ ဒီလိုနိုင်ငံအဆင့်လေ့လာမှုစစ်တမ်း ပြုလုပ်ရတာပါ"ဟုဆိုသည်။

အိမ်ထောင်စု (၅၀၀၀) ထဲမှ အသက် (၁၅) နှစ်နှင့် (၆၄)နှစ်အတွင်းရှိ အမျိုးသမီးကို တိုင်းနှင့်ပြည်နယ်အားလုံးတွင် စစ်တမ်းကောက်ယူသွားမည်ဟုဆိုသည်။ ယင်းအချက်အလက်များကို အခြေခံ၍ ကျား-မ ဆိုင်ရာ တုံ့ပြန်မှုဆိုင်ရာလုပ်ငန်းများ၊ ဘတ်ဂျက်နှင့် မူဝါဒရေးဆွဲခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းများ အကောင်အထည်ဖော်ခြင်းများအတွက် ထိရောက်၍ စနစ်ကျသည့်လုပ်ငန်းစနစ်များကို ဖော်ဆောင်နိုင်မည်ဖြစ်သောကြောင့် သုတေသနစစ်တမ်းအတွက် သက်ဆိုင်ရာကဏ္ဍများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။

၎င်းလေ့လာမှုစစ်တမ်းကို လူမှုဝန်ထမ်းဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တို့၏ စီမံကြီးကြပ်မှု၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၏ ကူညီပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်ဟု ဆိုသည်။

**ရွှေလေး**

ဤသတင်းလွှာကို ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးစိန်ခေါ်မှုများ အဖြေရှာရန်အတွက် အဖွဲ့အစည်းများနှင့် သုတေသီများအတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကနေဒါအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC)နှင့် Global Affairs Canada တို့မှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ ယခုသတင်းစာတွင် ပါဝင်သော အကြောင်းအရာများကို မည်သည့်အဖွဲ့အစည်းမဆို လွတ်လပ်စွာမျှဝေနိုင်သည်။
သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။




ဓာတ်ပုံ-Women of the Future Awards Southeast Asia

# အရှေ့တောင်အာရှ အနာဂတ်အမျိုးသမီးများဆု၏ ကဏ္ဍ (၄)ခု ဆန်ခါတင်စာရင်းတွင် မြန်မာအမျိုးသမီးအချို့ပါဝင်

**ဖေဖော်ဝါရီ ၁၁၊ ၂၀၂၀**

တတိယအကြိမ်မြောက်ကျင်းပမည့် အရှေ့တောင်အာရှ အနာဂတ်အမျိုးသမီးများဆု (Women of the future awards Southeast Asia) ဆန်ခါတင်ဆုစာရင်း၏ကဏ္ဍ (၄) ခုတွင် မြန်မာအမျိုးသမီးအချို့ ပါဝင်နေသည်။

အဆိုပါဆုကို အနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ (Arts & Culture)၊ စီးပွားရေးစွမ်းဆောင်ရှင်ကဏ္ဍ (Entrepreneur)၊ အသက်မွေးဝမ်းကျောင်းမှုကဏ္ဍ (Professions)၊ လူမှုစွန့်ဦးတီထွင်မှုကဏ္ဍ (Social Entrepreneur)၊ စီးပွားရေးကဏ္ဍ (Business)၊ မီဒီယာနှင့်ဆက်သွယ်ရေးကဏ္ဍ (Media & Communications)၊ အိမ်ခြံမြေ၊ အခြေခံအဆောက်အအုံနှင့် ဆောက်လုပ်ရေးကဏ္ဍ(Property, Infrastructure and Construction)၊ ရပ်ရွာအကျိုးပြုနှင့် လူထုဝန်ဆောင်မှုကဏ္ဍ (Community Spirit & Public Service)၊ လမ်းညွှန်ပြသူ (Mentor)၊ သိပ္ပံနည်းပညာနှင့် ဒစ်ဂျစ်တယ်ကဏ္ဍ(Science, Technology & Digital) စသည့်ကဏ္ဍ(၁၀)မျိုးအတွက် ချီးမြှင့်ခြင်းဖြစ်သည်။ ယင်းကဏ္ဍများထဲမှ မြန်မာနိုင်ငံက ကဏ္ဍ(၄)ခုတွင် ဆန်ခါတင်စာရင်း၌ ပါဝင်ခြင်းဖြစ်ပြီး ဆန်ခါတင်စာရင်းပါဝင်သည့် မြန်မာအမျိုးသမီးများသည် စီးပွားရေးစွမ်းဆောင်ရှင်ကဏ္ဍ (Entrepreneur)၌ Lcarus Media, GandaWin Magazine & GandaWinTelly ၏ ပူးတွဲတည်ထောင်သူနှင့် စီအီးအို LachmiBaniya၊ လူမှုစွန့်ဦးတီထွင်မှုကဏ္ဍ(Social Entrepreneur)၌ CCEducare Myanmar၏ တည်ထောင်သူနှင့် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ချစ်အိမ်သူ၊ စီးပွားရေးကဏ္ဍ(Business)၌ Forever Travelနှင့် MM Digital Solutions ၏ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်သီတာနှင်းနှင့် မီဒီယာနှင့်ဆက်သွယ်ရေးကဏ္ဍ (Media & Communications) ၌ Oxfam in Myanmar ၏ Advocacy and Campaign Coordinator ဒေါ်ရည်မွန်ဦးတို့ ဖြစ်ကြသည်။

အရှေ့တောင်အာရှအနာဂတ်အမျိုးသမီးများဆုသည် အသက် (၃၅) နှစ်အောက် အမျိုးသမီးများကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး အတားအဆီးများကိုကျော်ဖြတ်၍ ရဲစွမ်းသတ္တိ၊ ကြိုးစားအားထုတ်မှု၊ စိတ်ဓါတ်ကြံ့ခိုင်မှုတို့နှင့် အပြုသဘောဆောင်သည့် အပြောင်းအလဲများကို လုပ်ဆောင်ရန် မကြောက်ရွံ့ကြသော ဒေသတွင်းမှ ထွက်ပေါ်လာသည့်ခေါင်းဆောင်များကို ပြသပြီး စင်မြင့်တစ်ခုတည်ဆောက်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ တတိယအကြိမ်မြောက်ချီးမြှင့်မည့် အဆိုပါဆုကို ၂၀၂၀ ခုနှစ် မတ်လ (၁၈) ရက်နေ့တွင် စင်္ကာပူနိုင်ငံတွင် ရွေးချယ်ချီးမြှင့်သွားမည် ဖြစ်သည်။

၂၀၁၈ ခုနှစ်က ချီးမြှင့်ခဲ့သည့် အရှေ့တောင်အာရှအနာဂတ်အမျိုးသမီးများဆုကို ရပ်ရွာအကျိုးပြုနှင့် လူထုဝန်ဆောင်မှုကဏ္ဍ (Community Spirit & Public Service) ၌ FARM Advisory Services, Proximity designs (Myanmar) ၏ အထွေထွေမန်နေဂျာ ဒေါ်ဖြူနှင်းပြိမ်းက ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စီးပွားရေးကဏ္ဍ( Business)၌ Global Assistant Co.,Ltd and Global Care International Clinic Chains(Myanmar)၏ တည်ထောင်သူနှင့် စီအီးအိုဒေါက်တာသီဂီဝင်းနှင့် မီဒီယာနှင့်ဆက်သွယ်ရေးကဏ္ဍ (Media & Communications)၌ Under 20 Dialogue TV Show (Myanmar)၏ Youth Advocate & TV Host ဒေါ်သဥ္ဇာရွှန်းလဲ့ရည်က ရရှိခဲ့သည်။

**ရွှေလေး**



ဓာတ်ပုံ-ဇော်လူကျာဆိုင်း

# နယ်စပ်ဒေသနေထိုင်သူတို့၏ လူမှုဘဝသုတေသန အစီရင်ခံစာနှင့် ဝတ္ထုတိုစာအုပ် မိတ်ဆက်

**ဖေဖော်ဝါရီ ၂၄၊ ၂၀၂၀**

မြန်မာနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသတွင် နေထိုင်သူတို့၏ လူမှုဘဝများအကြောင်း သုတေသနပြုလုပ်ကာ လေ့လာထားသည့် Border Lives: The Kachin-China Border အစီရင်ခံစာနှင့် နယ်ခြားမဲ့မိုးတိမ် ဝတ္ထုတိုစာအုပ်တို့ကို ပညာအလင်းပွင့်မြန်မာ သုတေသနဖောင်ဒေးရှင်း (EMReF) မှ မိတ်ဆက်ခဲ့သည်။

ယင်းအစီရင်ခံစာနှင့် ဝတ္ထုတိုစာအုပ် မိတ်ဆက်ပွဲကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ Kachin Land College, Humanity Institute တွင် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့က ကျင်းပခဲ့သည်။ EMReF မှ သုတေသီများသည် ကချင်ပြည်နယ် မြစ်ကြီးနား၊ လွယ်ဂျယ်၊ မိုင်ဂျာယန်၊ ကန်ပိုက်တီး၊ ဖီမော်၊ ဂန်ဖန်(ကန်းဖန့်)နှင့် မြန်မာနိုင်ငံနယ်စပ်နှင့် ကပ်လျက်ရှိသော တရုတ်ပြည်ထဲမှ ဖြတ်မာ၊ လိုင်းရင်း၊ ကျန်းဖုန်းဒေသများသို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သွားရောက်လေ့လာ၍ အချက်အလက်များ စုဆောင်းခဲ့သည်။ တွေ့ရှိချက်များကို အချက်အလက်ပြည့်စုံသည့် Border Lives: The Kachin-China Border ဟူသည့်သုတေသနအစီရင်ခံစာအပြင် အနုပညာနှင့်သုတေသနပေါင်းစပ်ထားသည့် နယ်ခြားမဲ့မိုးတိမ် ဝတ္ထုတိုစာအုပ်ကိုပါ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဝတ္ထုတိုစာအုပ်တွင် ဝတ္ထုတို (၃) ပုဒ်ပါဝင်ပြီး လွယ်ဂျယ်၊ မိုင်ဂျာယန်နှင့် ဖီမော်ဒေသမှ လူပုဂ္ဂိုလ် (၃) ဦး၏ ဖြစ်ရပ်မှန်ဇာတ်လမ်းအပေါ်အခြေတည်ကာ ပြန်လည်ခံစားရေးဖွဲ့ထားခြင်းဖြစ်သည်။

သုတေသနကို ဦးဆောင်ခဲ့သူ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ အကြီးတန်းစီမံကိန်း မန်နေဂျာ (Gender and Livelihood) ဒေါ်အေးလဲ့ထွန်းက "နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့သူတွေမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံပိုင်းဖြတ်ဖို့ ခဲယဉ်းတဲ့ လူမှုဘဝတွေရှိပါတယ်။ ဒီသုတေသနကနေတစ်ဆင့် ယဉ်ကျေးမှု၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ မိသားစုအရေးကိစ္စတွေမှာ အချင်းချင်းအပြန်အလှန်မှီခိုအားထားနေရတာတွေ၊ ဆက်သွယ်နေရတာတွေကို အဓိက လေ့လာထားပါတယ်"ဟု ရှင်းပြသည်။

ယင်းနယ်စပ်ဒေသလေ့လာမှု စီမံကိန်းကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ သုတေသီများက ဦးဆောင်ခဲ့ပြီး ယူကေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန (DFID-မြန်မာ) က ပံ့ပိုးပေးခြင်းဖြစ်သည်။

**ရွှေလေး**

# အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခန်းကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုတိုးမြင့်ဖို့ လိုအပ်သလို အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ လျော့နည်းပပျောက်မှသာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိမည်ဟုဆို

**ဖေဖော်ဝါရီ ၁၇၊ ၂၀၂၀**

မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခန်းကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှု တိုးမြင့်ဖို့လိုအပ်သလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းပပျောက်မှသာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည့်ဝသည့်ဖွံ့ဖြိုးတိုးတက်မှုရရှိမည်ဟု တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့(Women for Justice-WJ)က ထုတ်ပြန်ကြေညာသည်။

တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ (WJ) ဖွဲ့စည်းတည်ထောင်ခြင်း (၂၅) နှစ်ပြည့် အထိမ်းအမှတ်ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။ ပဋိပက္ခဖြစ်ပွားရာနေရာများတွင် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရမှုများ ဆက်လက်ဖြစ်ပွားနေပြီး တစ်နိုင်ငံလုံးတွင် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို တွေ့ကြုံခံစားနေရဆဲဖြစ်သောကြောင့် အမျိုးသမီးများဘဝလုံခြုံမှုမှာ စိန်ခေါ်ခံနေရဆဲဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သည့်ကဏ္ဍများတွင် အမျိုးသမီးပါဝင်မှုမှာလည်း လွန်စွာနည်းပါးနေဆဲဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး အမျိုးသမီးများ၏ ဘဝအဆင့်အတန်းများမြင့်မား၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခန်းကဏ္ဍများတွင် ပါဝင်မှုတိုးမြင့်လာရေး၊ ဥပဒေပြုရေးအခန်းကဏ္ဍတွင် အမျိုးသမီးပါဝင်မှုနှုန်းမြင့်မားရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ လျော့နည်းပပျောက်မှသာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည့်ဝသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိမည်ဟု ယုံကြည်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ (WJ) အနေနှင့် အမျိုးသမီးများ၏ဘဝ အဆင့်အတန်းမြင့်မားရေး၊ ဆုံးဖြတ်ချက်ချသည့် အခန်းကဏ္ဍများတွင် အမျိုးသမီးများပါဝင်မှုမြင့်တင်ရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများပပျောက်ရေး၊ အမျိုးသမီးများပါဝင်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို ဆက်လက်ကြိုးပမ်း လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ကြေညာသည်။ တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ (WJ) ကို ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး စတင်ဖွဲ့စည်းစဉ်က Women Rights and Welfare Association of Burma (WRWAB) အမည်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ WJ အဖွဲ့သည် ၂၀၀၆ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၌ အခြေစိုက်၍ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ ကျား-မတန်းတူရေး၊ အမျိုးသမီးများ တရားမျှတမှုရရှိရေးနှင့် တရားဥပဒေကို လက်လှမ်းမီသုံးစွဲခွင့်ရရှိရေး၊ အမျိုးသမီးများ နိုင်ငံရေးကဏ္ဍများတွင် ပိုမိုပါဝင်လာရေး စသည့် ရည်မှန်းချက်များဖြင့် လုပ်ဆောင်နေသည်ဟု သိရသည်။ **မြွေလေး**

# အမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားသူ ဥရောပသမဂ္ဂ၏ ၂၀၂၀ ခုနှစ် ရှူးမန်းဆုရရှိ

**ဖေဖော်ဝါရီ ၂၀၊ ၂၀၂၀**

အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပြီး အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သည့် လွေးပိုးယံသည် ဥရောပသမဂ္ဂ၏ ၂၀၂၀ ခုနှစ် ရှူးမန်းဆု(2020 Schuman Awards)ကို ရရှိခဲ့သည်။

လွေးပိုးယံသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀ ခုနှစ် ရှူးမန်းဆုကို ချီးမြှင့်ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမှ သတင်းထုတ်ပြန်သည်။ မြန်မာနိုင်ငံဆိုင်ရာ ဥရောပမသဂ္ဂမှ နှစ်စဉ်ချီးမြှင့်သည့် ရှူးမန်းဆုများသည် ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့၏ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးစံနှုန်းများ တိုးတက်မြင့်မားလာစေရေးအတွက် ကြိုးပမ်း



လုပ်ဆောင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသမှ တအောင်းအမျိုးသမီးတစ်ဦးဖြစ်သည့် လွေးပိုးယံသည် အကြောက်တရား၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများ မရှိသည့် ကျေးရွာတစ်ရွာမှ ကြီးပြင်းလာသူတစ်ဦးဖြစ်သည်။

၎င်းက "အမျိုးသမီးဆိုရင် မိသားစုတွင်းမှာဖြစ်ဖြစ် ယောကျ်ားတွေရဲ့ဖိနှိပ်ခြင်း ခံရတယ်။ ကျွန်မကိုယ်တိုင်လည်း အမျိုးသမီးတစ်ဦးဖြစ်တဲ့အတွက်ကြောင့် ဒီလိုခွဲခြားဆက်ဆံခံရတဲ့ဘဝကနေ လွတ်မြောက်ချင်တယ်။ ဖိနှိပ်ခံရတဲ့ဘဝကနေ လွတ်မြောက်ချင်တယ်။ ဒါကြောင့် အမျိုးသမီး၊ တိုင်းရင်းသားနဲ့ လူ့အခွင့်အရေးတွေအတွက် အလုပ်လုပ်မှဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အခုချိန်ထိ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်"ဟုဆိုသည်။

၂၀၂၀ ခုနှစ် ရှူးမန်းဆုကို အမျိုးသမီးအခွင့်အရေးများအတွက် တက်ကြွလှုပ်ရှားဆောင်ရွက်သူ လွေးပိုးယံ၊ လူ့အခွင့်အရေးဆိုင်ရာ တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်နှင့် ဒေါင်းတို့မျိုးဆက် သံချပ်အသင်းတို့ ရရှိခဲ့ကြသည်။ **မြွေလေး**


ဓာတ်ပုံ-https://news.yale.edu

## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတွေက တည်ငြိမ်မှုကို တည်ဆောက်နိုင်လို့ ကျွန်မတို့တတွေ ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ပါတယ်။"

------ Hawa Abdi (Somali Human Rights Activist)

# အမျိုးသမီးများအကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) အမျိုးသမီးများကို အကျိုးပြုနိုင်အောင် ရေးဆွဲထားဟုဆို

**ဖေဖော်ဝါရီ ၂၄၊ ၂၀၂၀**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) သည် နိုင်ငံနှင့်ကိုက်ညီပြီး အမျိုးသမီးများကို အကျိုးပြုနိုင်အောင် ဆောင်ရွက်ထားသည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက ဆိုသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ရှင်းလင်းဆွေးနွေးပွဲတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းက မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့်ပတ်သက်၍ အကာအကွယ်ပေးသည့် ပြစ်မှု၊ ပြစ်ဒဏ်အပိုင်းများကို စနစ်တကျဖော်ပြထားခြင်းမရှိသေးသည့်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)တွင် ထည့်သွင်းထားသည်ဟုဆိုသည်။ ယင်းဥပဒေ (မူကြမ်း)ကို နိုင်ငံနှင့်ကိုက်ညီပြီး အမျိုးသမီးများကို အကျိုးပြုနိုင်အောင် ဆောင်ရွက်ထားပြီး မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စုပြိုကွဲမှုကို ဦးတည်သည့် ဥပဒေမဖြစ်စေဘဲ အမျိုးသမီးများရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကာအကွယ်ပေးနိုင်မှုအတွက် အကောင်းဆုံးပံ့ပိုးပေးနိုင်သည့် ဥပဒေတစ်ရပ် ဖြစ်အောင် ဝိုင်းဝန်းအကြံပြုပေးစေလိုကြောင်း ပြောကြားခဲ့သည်။


ဓာတ်ပုံ- Ministry of Social Welfare, Relief and Resettlement Myanmar facebook page

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်များကို လူ့အခွင့်အရေးချိုးဖောက်မှု၊ အကြမ်းဖက်မှုဟု ရှုမြင်နိုင်မှုအားနည်းနေခြင်း၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှ တားဆီးကာကွယ်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားခြင်းမရှိသေးခြင်းများကြောင့် အကြမ်းဖက်ခံအမျိုးသမီးအများစုသည် အကြမ်းဖက်မှုမှ အကာအကွယ်ရယူနိုင်ခွင့် ကင်းမဲ့နေသည်ဟုဆိုသည်။ ယခုဥပဒေသည် အခြားဥပဒေများနှင့်မတူညီဘဲ လူမှုရေးဥပဒေဖြစ်နေခြင်းနှင့် ဥပဒေတစ်ရပ်သည် ပြဋ္ဌာန်းပြီးရုံနှင့် လုံလောက်ခြင်းမရှိဘဲ ပြည်သူများလိုက်နာကျင့်သုံးမှသာ ဥပဒေသဘောသက်ဝင်မည်ဖြစ်ကြောင်း ဆိုသည်။

ထို့နောက် ဥပဒေ(မူကြမ်း)ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက သိလိုသည်များ မေးမြန်းခဲ့သည်။

ယင်းဥပဒေ(မူကြမ်း)ကို ဇန်နဝါရီလ ၂၅ ရက်နေ့က အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေ(မူကြမ်း)ကို ယခင်အစိုးရလက်ထက် ၂၀၁၃ခုနှစ်က အမျိုးသမီးအရေးလှုပ်ရှားသူများ၊ ဥပဒေပညာရှင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ စုပေါင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် လက်ရှိအစိုးရလက်ထက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဦးဆောင်၍ ဥပဒေပညာရှင်များ၊ အရပ်ဘက်အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြင်ဆင်ရေးဆွဲခဲ့သည်။ ဥပဒေ(မူကြမ်း)တွင် အခန်း (၁၃) ခန်းပါရှိပြီး ရေးဆွဲစဉ်အတွင်း အပြန်အလှန်ဆွေးနွေးငြင်းခုံမှုများစွာ လုပ်ခဲ့ရသည်ဟု ပါဝင်ရေးဆွဲခဲ့သည့်အမျိုးသမီးအရေးလှုပ်ရှားသူတချို့က မီဒီယာများတွင် ပြောဆိုထားသည်။

**ရွှေလေး**